# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ကြန် ၊ ဒေါ် | KYAN, Daw | Kran‘ , Do‘ | **Art.** MK0004 |

| | |
|---|---|
| **Article Title** | တိုင်း နှင့် ခရိုင်<br>(Division and District)<br>Tuin‘" nhan‘' kha ruin‘ |
| **Title (Book/Serial)** | စစ်ပြန်<br>Sit-pran |
| **Issue and Volume** | No. 71 |
| **Edition** | |
| **Place/ Publisher** | |
| **Distributor** | |
| **Ed. Date** | August. 1984 |
| **Pagination** | 73 - 75 |
| **Annotation** | Taing and Khayaing were administrative units during the Nyaunggyan period (1600-1752). Myanmar was divided into 8 Divisions and Khayaing was the smaller unit, but definition of the terms changed from time to time. Under King Thibaw (1878 - 1885) Upper Burma was divided into 10 Khayaings and a Khayaing Wun governed each. This Khayaing corresponded to Division in Lower Burma. Throughout the colonial period Burma was divided into 8 Divisions called Khayaing. The Divisional Commissioner was called Khayaing Wun Shin Taw Min Gyi, while the District was called Siyinsu which was governed by a Deputy Commissioner known as A-Ye-Baing. During the Japanese period Division become Taing and the Divisional Commissioner was called Taing Min Gyi. The District was called Khayaing and the A-Ye-Baing became Khayaing Wun. Since 1972 Myanmar has had 7 States and 7 Divisions. |
| **Subject Terms** | 1. Myanmar - Politics and government |
| **Key Words** | 1. Divisions<br>2. Districts |

# မကြွန်

## တိုင်းနှင့်ခရိုင်



**တိုင်းနှင့် ခရိုင်**သည်၊ အုပ်ချုပ်ရေး နယ်မြေ အပိုင်း အခြား နယ်မြေ သတ်မှတ်ချက်ဖြစ်သည်။ ရှေး စာ ပေ ကျမ်းဂန်တို့တွင် ဇမ္ဗူဒိပ ခေါ်သော တောင်ကျွန်းကို၊ တိုင်းကြီး ၁၆တိုင်း ပိုင်းခြားရိုး ပိုင်းခြားစဉ် ရှိ၏။ ဤသည်ကို ရည်၍ ဦးကျော့က သူ၏ ရှာပုံ တော်တွင် "လောကခေတ်မွေ၊ သော်ငွသ်မြေဝယ်၊ စေါနတ်မေရှာ မတွေ့နိုင်ဘူး"ဟု ဖွဲ့ဆိုသည်။

မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍မူ၊ **ဇမ္ဗူ့ဒိပဥဆောင်းကျမ်း** တွင် တိုင်းကြီးရှစ်တိုင်း သတ်မှတ်ကြောင်း ဤသို့ ပြဆိုသည်။

**ဗြိတိသျှအစိုးရသည် ဗြိတိသျှမြန်မာပြည် (အောက်မြန်မာပြည်)ကို ဒိဗိရှင်း (Division) ဟု ခေါ်သော အုပ်ချုပ်ရေး နယ်မြေလေးခု သတ်မှတ်အုပ်ချုပ်သည်။ ရခိုင်၊ တနင်္သာရီ၊ပဲခူး၊ ဧရာဝတီ ဒိဗိရှင်း တို့ဖြစ်၏။**

ဧရာဝတီမြစ် အနောက်ဘက် မြောက်ဘက် သည်၊ သုနာပရန္တတိုင်း။ ဧရာဝတီမြစ် အရှေ့ ဘက် တောင်ဘက်သည်၊ တမ္ဗဒိပတိုင်း။ သရေ ခေတ္တရာ သည်၊ သိရိခေတ္တရာမတိုင်း။ ကေတုမတီ တောင်ငူ သည်၊ ဇေယျဝဍ္ဎနတိုင်း။ ပုသိမ် ဥပါယ်ခို မုတ္တမသည်၊ ရာမညတိုင်း။ သုဝဏ္ဏဘုမ္မိ ရွှေမြေ ရှိရာအရပ် ရှမ်း ၅၇ မြို့ သည်၊ သုဝဏ္ဏ ဘုမ္မိတိုင်း။ မိုးနဲညောင်ရွှေသည်၊ ကမ္ဗောဇတိုင်း။ မိုးမိတ် ဗန်းမော်သည်၊ စိမ့်တိုင်း။ ဤသို့လျှင် တိုင်းကြီး ရှစ်တိုင်း တည်း။

ထို့ကြောင့် တိုင်းကြီး၊ သို့မဟုတ် တိုင်းသည်၊ နိုင်ငံ အတွင်းရှိ အုပ်ချုပ်ရေး နယ်မြေ အပိုင်းအခြား ကြီးဟု ကောက်ယူဖွယ်ရှိသည်။

ခရိုင်သည်၊ တိုင်းထက် ငယ်သော နယ်မြေ အပိုင်း အခြားဟု ဆိုရပေမည်။ မြန်မာ့ သမိုင်းစဉ်တလျှောက် တွင် ခရိုင်ကို နေရပ်နှစ်ခုနှင့်သာ တွဲ၍ သုံးစွဲမြဲ ဖြစ် ကြောင်း တွေ့ရသည်။ ကျောက်ဆည်နယ်ကို ညွှန်းသော လယ်တွင်း (၉) ခရိုင်၊ သို့မဟုတ်–တောင်ဘက်(၄)ခရိုင် (၅)ခရိုင် တို့သည် ထင်ရှား၏။ သက္ကရာဇ် ၉၆၃ ခု ညောင်ရမ်းမင်းတရားကြီး လက်ထက် **ကောက်**ယူ ပြုစု သော သိန္နီစစ်တမ်း၊ မိုင်းတွယ်စစ်တမ်းတို့တွင် ဇင်းမယ် ၅၇ခရိုင်ဟု တွေ့ရသည်။ ၅၇ မြို့ ပါဝင်သော ခရိုင်ဟု ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် ခရိုင်သည် စတင်အခြေ ချ နေထိုင်ရာဒေသ၊ သို့မဟုတ်–မြို့ဟု ကောက်ယူဖွယ် ရှိသည်။ "စည်တီး ခရိုင် နိုင်ငံစိုးအုပ် မင်းလုပ်တော် မူသည်"ဟူသော နောက်ပိုင်း အရေးအသား အသုံး အနှုန်းများအရသော်၊ အချက်အချာဟု ဆိုလိုကြောင်း ပေါ်လွင် ထင်ရှားသည်။

မြန်မာ့သမိုင်းစဉ်တလျှောက်တွင် **တိုင်းနှင့် ခရိုင်** ဟူသော နယ်မြေပိုင်းခြားသတ်မှတ်ချက်တို့သည်၊ ခေတ် အလိုက် ပြောင်းလဲချက်များရှိခဲ့သည်။ အဝ၊ ညောင်ရမ်း ခေတ်များ လွန်လာသောအခါ မြန်မာနိုင်ငံကို မူလက တိုင်းကြီး ရှစ်တိုင်း သတ်မှတ်ချက်သည် မှေးမှိန် ကွယ် ပျောက် လာသည်။ စာပေတွင် အခေါ်အသုံး ရံဖန် ရံခါ တွေ့ရသော်လည်း လက်တွေ့တွင် အုပ်ချုပ်ရေး နယ်မြေ သတ်မှတ်ချက် မဟုတ်တော့ချေ။ ထို့ အတူ

လယ်တွင်း ၉ ခရိုင်ဟူသော အခေါ်ထက်၊ ကျောက်ဆည်နယ် ဟူသော အသုံးက ပိုမိုပေါ်လွင်ထင်ရှားလာသည်။ လယ်တွင်း ၉ခရိုင်သည် အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ချက်လည်း မဟုတ်တော့ချေ။

ကုန်းဘောင်ခေတ်တွင် **တိုင်း** ဟူသော အုပ်ချုပ်ရေးနယ်မြေ သတ်မှတ်ချက် ဝေါဟာရသည် မြုပ်ကွယ်၍နေပေသည်။ ခရိုင်သည်လည်း အလားတူဖြစ်၏။ သို့သော် သီပေါမင်းလက်ထက် **ခရိုင်** အမည်ဖြင့် အုပ်ချုပ်ရေးနယ်မြေသတ်မှတ်ချက် ပေါ်လာပြန်သည်။ သီပေါမင်းသည် အုပ်ချုပ်ရေး လွယ်ကူအေးချမ်းစေရန်ရည်သန်၍ ရှမ်းပြည်မြို့ရွာများမှအပ နိုင်ငံတော် မြို့ ကျေးရွာများကို ဆယ်ဌာန ဆယ်ခရိုင် ခွဲဝေပြီးလျှင် ၁၈၈၄ ခု မတ်လ ၉ရက် (၁၂၄၅ခု တပေါင်းလဆန်း ၁၃ ရက်) နေ့မှစ၍ ခရိုင်ဝန်များ ခန့်ထား အုပ်ချုပ်စေသည်။ ထိုစဉ်က သတ်မှတ်ခဲ့သော ခရိုင်များသည် အောက်ပါအတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| **ပထမဌာနခရိုင်** | – | ရတနာပုံ နေပြည်တော်နှင့်တကွ ရွှေကြိုးသတ် နယ်ပယ် မြို့ရွာများ။ |
| **ဒုတိယဌာန ခရိုင်** | – | အဝမြို့၊ တောင်ဘက် ကိုးခရိုင်၊ ရွှေပြည် ရန်အောင်မြင်းမြေ ကျေးရွာများ၊ ပင်းတလဲမြို့၊ တလုပ်မြို့၊ တောင်သာမြို့၊ ညောင်အုပ်မြို့များ။ |
| **တတိယ ဌာန ခရိုင်** | – | မိတ္ထိလာမြို့၊ ယင်းတော်မြို့ ရနောင်မြို့၊ ထရုံကာမြို့။ လှိုင်းတက်မြို့၊ သာဂရမြို့ ညောင်ရမ်းမြို့၊ ရမည်းသင်းမြို့၊ တောင်ငူမြို့များ။ |
| **စတုတ္ထဌာန တောင်တွင်းကြီး ခရိုင်** | – | ပင်းမြို့၊ နတ်မောက် မြို့၊ ကျောက်ပန်းတောင်းမြို့၊ တောင်တွင်းကြီး မြို့များ။ |
| **ပဥ္စမ ဌာန အောက်မြစ်စဉ် ခရိုင်** | – | အောက်မြစ်စဉ် ဝဲယာမြို့ရွာများ။ |
| **ဆဋ္ဌမ ဌာန ပုခန်းကြီး ခရိုင်** | – | ပုခန်းကြီး မြို့၊ ယောမြို့၊ ဆောမြို့၊ လောင်းရှည် မြို့၊ ထီးလင်းမြို့၊ ယောတိုက်ကျန် မြို့ရွာများ။ |
| **သတ္တမ ဌာန ချင်းတွင်း ခရိုင်** | – | ချင်းတွင်းကြောင်း၊ မြစ်စဉ် ဝဲယာ မြို့ရွာများ။ |
| **အဋ္ဌမဌာနစစ်ကိုင်း ခရိုင်** | – | စစ်ကိုင်းမြို့၊ အမြင့် ငါးမြို့ ဝန်စုပါမြို့ရွာများ၊ အလုံမြို့ ဒီပဲယင်းမြို့များ။ |
| **နဝမဌာန ရတနာသိယ် ခရိုင်** | – | ရတနာသိယ် မြို့ ငန်စုပါမြို့ရွာ၊ မြေဒူးမြို့၊ ကောလင်းမြို့၊ ဝန်းသိုမြို့၊ ငရဲမြို့ ခေါသန္တီမြို့ ငဇ္ဇုလငါးမြို့ ရွှေ အရှေ့ ကြောင်း၊ ရွှေ အလယ်ကြောင်း မြို့ရွာများ။ |
| **ဒသမ ဌာန အညာ မြစ်စဉ် ခရိုင်** | – | အညာ မြစ်စဉ် ဝဲယာ မြို့ရွာများ။ |

ဗြိတိသျှအစိုးရသည် ဗြိတိသျှ မြန်မာပြည် (အောက်မြန်မာပြည်) ကို ဒိဗိရှင်း (Division) ဟု ခေါ်သော အုပ်ချုပ်ရေးနယ်မြေ လေးခု သတ်မှတ် အုပ်ချုပ်သည်။ ရခိုင်၊ တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီ ဒိဗိရှင်းတို့ ဖြစ်၏။ မြန်မာနိုင်ငံ တခုလုံး သိမ်းပိုက် စိုးအုပ်ရသော အခါ ရှမ်းပြည်ကို ချန်လှပ်၍ အထက်မြန်မာပြည်ကို ၁၈၈၆ ခုနှစ်တွင် မြောက်ပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း ဟူ၍ ဒိဗိရှင်း လေးခု သတ်မှတ်သည်။ ထို့ကြောင့် ဗြိတိသျှတို့လက်ထက် မြန်မာပြည်တွင် ဒိဗိရှင်းခေါ် အုပ်ချုပ်ရေး နယ်မြေကြီး ရှစ်ခု ရှိသည်။ အထက်မြန်မာပြည်ရှိ ဒိဗိရှင်း လေးခုကို ၁၈၉၇ ခုနှစ်မှစ၍ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ မိတ္ထီလာဟု အမည်ပြောင်းလဲ ခေါ်တွင်သည်။

ဒိဗိရှင်းအတွင်း ဒိစတြိတ် (District) ဟု ခေါ်သော အုပ်ချုပ်ရေးနယ်မြေငယ်များ ရှိသည်။ ဒိဗိရှင် ကို ဒိဗိရှင်းကော်မစ်ရှင်နာက အုပ်ချုပ်သည်။ ဒိစတြိတ်ကို အရေးပိုင်က အုပ်ချုပ်စီရင်သည်။ Division, District အစရှိသော အင်္ဂလိပ်အမည်များ၊ ရာထူး ဌာန အခေါ်အဝေါ်များကို အက်ဥပဒေများအမိန့် ကြော်ငြာများတွင် မြန်မာဘာသာဖြင့် ပြန်ဆိုရေးသား သုံးနှုန်းကြရာ၌ တညီတညွတ်တည်းဖြစ်စေရန် အစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာများ ထုတ်၍ ပြဋ္ဌာန်းကြေငြာသည်။ ထို့ကြောင့် ဗြိတိသျှခေတ်တွင် ပြဋ္ဌာန်းထားသော ရုံးသုံးဝေါဟာရများအရ–

Division သည်၊ ခရိုင်
Divisional Commissioner သည်၊ ခရိုင်ဝန်ရှင်တော်မင်းကြီး
District သည်၊ ဒိစတြိတ် စီရင်စု
Deputy Commissioner သည်၊ အရေးပိုင်

ဟူ၍ ဖြစ်၏။ ဗြိတိသျှခေတ်တွင် **တိုင်း**ဟူသော နယ်မြေ သတ်မှတ်ချက် ဝေါဟာရ ဆက်လက်တိမ်မြုပ်နေသည်။

မဟာဗမာခေတ် (ဂျပန်ခေတ်) တွင် **တိုင်း** နှင့် **ခရိုင်**ဟူသော အုပ်ချုပ်ရေး နယ်မြေ သတ်မှတ်ချက် နှစ်မျိုးလုံး ပြန်ပေါ်**လာ**သည်။ ၁၉၄၄ ခု ဇန်နဝါရီလ တွင် နိုင်ငံတော် အဓိပတိ ကြီးသည် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တိုင်ပင်ညှိနှိုင်း၍ မြန်မာနိုင်ငံကို တိုင်းကြီး၄တိုင်း အောက်ပါအတိုင်း သတ်မှတ်သည်။

**ဥတ္တရ တိုင်း** – မန္တလေး၊ ကျောက်ဆည်၊ ပျဉ်းမနား မိတ္ထီလာ၊ မြင်းခြံ၊ ရေနံချောင်း၊ မင်းဘူး၊ ပခုက္ကူ၊ ချင်းတောင်တန်း၊ **စစ်ကိုင်း**၊ ရွှေဘို၊ ကသာ၊ ဗန်းမော်၊ မြစ်ကြီးနား မော်လိုက်၊ မုံရွာခရိုင်များ **ပါ**ဝင်သည်။

**ပစ္ဆိမ တိုင်း** – ပုသိမ်၊ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ ရခိုင် တောင်တန်း၊ ဟင်းသာတ၊ မအူပင်၊ ဖျာပုံ၊ မြောင်းမြ ခရိုင်များ **ပါ**ဝင်သည်။

**ဒက္ခိဏ တိုင်း** – ရန်ကုန်၊ ဟံသာဝတီ၊ အင်းစိန် ပဲခူး၊ သာယာဝတီ၊ ပြည်၊ မော်လမြိုင်၊ တောင်ငူ၊ **သထုံ**၊ ထားဝယ်၊ မြိတ်၊ ဖာပွန်၊ သရက်မြို့ ခရိုင်များ ပါဝင်သည်။

**ကမ္ဘောဇတိုင်း** – ရှမ်းပြည်နယ်နှင့် ကရင်နီနယ်များ ပါသည်။

ဖော်ပြပါ တိုင်း ၄ တိုင်း မသတ်မှတ်မီ ၁၉၄၂ ခု၊ ဩဂုတ်သကပင် **ဗမာနိုင်ငံတော်အစိုးရ အမိန့်ပြန်တမ်း** တွင် မကွေးခရိုင်ကို ရေနံချောင်းခရိုင် ခေါ်တွင်ရန်၊ ရမည်းသင်းခရိုင်ကို ပျဉ်းမနားခရိုင် ခေါ်တွင်ရန် သံလွင်ခရိုင်ကို ဖာပွန်ခရိုင် ခေါ်တွင်ရန်၊ ကျိုက္ခမီခရိုင်ကို မော်လမြိုင် ခရိုင် ခေါ်တွင်ရန် အထက် ချင်းတွင်း ခရိုင်ကို မော်လိုက်ခရိုင်ခေါ်ရန်၊ အောက် ချင်းတွင်း ခရိုင်ကို မုံရွာခရိုင် ခေါ်တွင်ရန် ပြဋ္ဌာန်းချက် ထုတ်ပြန် ကြေငြာသည်။ လိုက်လျောညီထွေစွာ တာဝန်ခံ ရာထူး အခေါ်များကိုလည်း တိုင်းရဲ ဗိုလ်ချုပ်၊ ခရိုင်ရဲ ဗိုလ်မှူး၊ ခရိုင်ဝန် စသည်ဖြင့် ပြောင်းလဲခေါ်တွင် စေသည်၊

လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းတွင်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၌ မန္တလေး၊ **စစ်ကိုင်း**၊ မကွေး၊ မိတ္ထီလာ၊ ပဲခူး၊ ဧရာဝတီ၊ ရခိုင်၊ တနင်္သာရီ ချင်း ဝိသေသတိုင်း ဟူ၍ တိုင်း ၉ တိုင်း ရှိလာသည်။ ထိုတိုင်းများ အောက်တွင် ခရိုင်ဝန်များ စီရင်ရသော ခရိုင်များ ရှိသည်။ လွတ်လပ်ရေးခေတ် မြန်မာ့ **တိုင်း** သည်၊ အင်္ဂလိပ်ခေတ် ဒီဗီ‌ရှင်းနှင့် တူ၍ မြန်မာ့ **ခရိုင်** သည်၊ အင်္ဂလိပ်ခေတ် ဒီစတြိတ်နှင့် တူသည်။ **အင်္ဂလိပ်**ဘာသာပြန်ဆိုရာ၌ တိုင်း**ကို**ဒီဗီရှင်း၊ ခရိုင်ကို ဒီစတြိတ် ဟု ပြန်ဆိုရေးသားသည်။ ထို့ကြောင့် သတိမပြုလျှင် အင်္ဂလိပ် ခေတ်ခရိုင်**နှ**င့် မြန်မာ့ ခေတ် ခရိုင်တို့ ရောထွေးမှားယွင်းနိုင်သည်။ သိပေါမင်း လက်ထက်နှင့် **အင်္ဂလိပ်**ခေတ် ခရိုင်သည် ဒီဗီရှင်း၊ လွတ်လပ်ရေးခေတ် မြန်မာ့ခေတ်ခရိုင်သည် ဒီစတြိတ် ဖြစ်ကြောင်း **သတိ**ပြုရာသည်။

ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေး **ဆင်နွှဲ** နေသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်တွင်၊ ၁၉၇၂ ခုနှစ်မှစ၍ ပြည်သူ့ အုပ်ချုပ်ရေး သစ် စတင် **အကောင် အထည်** ဖော်သည်။ **ထိုအခါ** ခရိုင်နှင့် ခရိုင်ဝန် ရာထူး တို့ကို ဖျက်သိမ်း လို**က်**သည်။ မြို့နယ်ကို အုပ်ချုပ်ရေး **အ**ခြေခံ နယ်မြေ သတ်မှတ်၍ မြို့နယ်ရပ်ကွက် ကျေးရွာ အဆင့်ဆင့် သတ်မှတ်သည်။ အုပ်ချုပ်ရေးနယ်မြေကြီး အဖြစ် **တိုင်း** နှင့် **ပြည်နယ်** များ သတ်မှတ်ထားသဖြင့်၊ ယခုအခါ တိုင်း ခုနစ်တိုင်း ပြည်နယ် ခုနစ်နယ်ဖြင့် ဝေဆာ မြိုင်ဆိုင်လျက် ရှိပါသည်။

ဤကား ခေတ်အဆက်ဆက် **တိုင်း**နှင့် **ခရိုင်** တို့၏ သမိုင်းကြောင်း တစေ့တစောင်း ဖြစ်ပါသည်။ ။●

**မကြန်**